**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

**ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန**

**အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန**

**တရားရေးဝန်ကြီးဌာန**

**ပူးတွဲထုတ်ပြန်ကြေညာချက် အမှတ်(၁/၂၀၂၃)**

**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်**

**(၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် ဖြစ်ပွားခဲ့သော ကျေးရွာပြည်သူ့ကာကွယ်ရေး အဖွဲ့ဝင်အချို့၏ ဥပဒေမဲ့လုပ်ရပ်နှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ထားရှိမှုအား ထုတ်ပြန်ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၌ အကြမ်းဖက်စစ်ကောင်စီ၏ သတင်းပေးဖြစ်သည်ဟု သတင်းရရှိချက်အရ အရွယ်ရောက်ပြီးသူ ကျား ၁ ဦး၊ အရွယ် မရောက်သေးသူ ကျား ၂ ဦး၊ အရွယ်ရောက်ပြီးသူ မ ၁ ဦး၊ အရွယ်မရောက်သေးသူ မ ၃ ဦး၊ စုစုပေါင်း ၇ ဦးတို့အား ချောင်းဦးမြို့နယ်ရှိ ကျေးရွာပြည်သူ့ကာကွယ်ရေးအဖွဲ့၊ တာဝန်ခံနှင့်အဖွဲ့က ဖမ်းဆီးခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဥပဒေမဲ့ သတ်ဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

၂။ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ကျေးရွာပြည်သူ့ကာကွယ်ရေးအဖွဲ့ တာဝန်ခံပါ ၄ ဦးတို့အား မြို့နယ်ပြည်သူ့ကာကွယ်ရေးအဖွဲ့က ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ချက်ချင်းဖမ်းဆီးထိန်းသိမ်း ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ နံနက်ပိုင်းတွင် ကြွင်းကျန်ရစ်သော ရုပ်အလောင်းများကို တူးဖော်၍ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ အဆိုပါ ဖမ်းဆီးထိန်းသိမ်းခဲ့သူများအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ချောင်းဦးမြို့နယ်ပြည်သူ့ကာကွယ်ရေးအဖွဲ့က ချောင်းဦးမြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ထံသို့ လွှဲပြောင်း ခဲ့ပြီး မြို့နယ်ပြည်သူ့လုံခြုံရေးတပ်ဖွဲ့က အမှုဖွင့်ခြင်း၊ သီးခြားနေရာတွင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း အဆိုပါဖြစ်စဉ်နှင့်ပတ်သက်သော တိုင်ကြားစာ ရရှိသည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ ရက်သတ္တ(၁)ပတ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာပြည်သူ့ကာကွယ်ရေးအဖွဲ့၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တို့ဖြင့် ပူးပေါင်းဆောင်ရွက်၍ ယင်းအမှုကိစ္စအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် အဆိုပါ ဖြစ်ရပ်သည် စစ်သည်တော်ကျင့်ဝတ် စည်းမျဉ်းများ(Code of Conduct)နှင့် မညီညွတ်သည့်အပြင် လူ့အခွင့်အရေး၊ အမျိုးသမီးနှင့် ကလေး သူငယ်အခွင့်အရေးများအပေါ် ချိုးဖောက်ရာကျသည့်အတွက် စစ်ဘက်/အရပ်ဘက် တရားစီရင်ရေး လမ်းကြောင်းများမှတဆင့် အမှုမှန်ပေါ်ပေါက်ရေးနှင့် ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူဆောင်ရွက် နိုင်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးယူဆောင်ရွက်မှု အခြေအနေကို အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရသည် တရားဥပဒေစိုးမိုးရေးအတွက် ပြစ်မှုကျူးလွန်သူ မည်သူ့ ကိုမဆို ကျောသားရင်သားမခွဲခြားဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
တရားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ